







# LAW FOR YOU

တောင်ဩစတြေးလျပြည်နယ်တွင်
နေထိုင်လျက်ရှိသော
ပြောင်းရွှေ့အခြေချလာသူ
အသစ်တို့အတွက် အတိုချုံး
တရားဥပဒေ လမ်းညွှန်

BURMESE
[မြန်မာ]

Legal Services Commission
OF SOUTH AUSTRALIA

# မာတိကာ


| | |
|---|---|
| နိဒါန်း | 1 |
| ဩစတြေးလျနိုင်ငံရှိ တရားဥပဒေ | 2 |
| ယာဉ်မောင်းခြင်း | 3 |
| တစ်ပတ်ရစ် ကား တစ်စီးကို ဝယ်ယူခြင်း | 4 |
| ကားတိုက်မှုများ | 5 |
| ကုန်စည်များနှင့် ဝန်ဆောင်မှုများကို ဝယ်ယူခြင်း | 6 |
| ရဲ | 7 |
| မိသားစု အကြမ်းဖက်မှု | 8 |
| ငှါးရမ်းခြင်း | 9 |
| လက်ထပ်ခြင်း | 10 |
| ခွဲခွာနေထိုင်ခြင်းနှင့် ကွာရှင်းပြတ်စဲခြင်း | 11 |
| ကလေးများနှင့် လင်မယားခွဲခွာနေခြင်း | 12 |
| ကလေးများအား စောင့်ရှောက်ခြင်း | 13 |
| အစိုးရ ဆုံးဖြတ်ချက်များ | 14 |
| အလုပ် | 15 |
| ဒဏ်ငွေများ | 16 |

# သင့်အတွက် တရားဥပဒေ – တောင်သြစတြေးလျပြည်နယ်တွင် နေထိုင်လျက်ရှိသော ပြောင်းရွှေ့အခြေချလာသူ အသစ်တို့ အတွက် အတိုချုံး တရားဥပဒေ လမ်းညွှန်

ဤလမ်းညွှန်သည် တောင်သြစတြေးလျပြည်နယ်တွင် နေထိုင်လျက်ရှိသော ပြောင်းရွှေ့အခြေချလာသူ အသစ်တို့ အတွက် အခြေခံ တရားဥပဒေ လမ်းညွှန် တစ်ခုဖြစ်ပါသည်။ ဤလမ်းညွှန်ကို အင်္ဂလိပ်စကား မပြောတတ်သောလူများအနေဖြင့် အဓိကကျသော တရားဥပဒေများကို လေ့လာရန်နှင့် ဥပဒေပြဿနာများရှိသည့်လူများကို အကူအညီပေးမည့် ရရှိနိုင်သော ဝန်ဆောင်လုပ်ငန်းများအား ရှာဖွေရန်အတွက် အထောက်အကူပြုစေရန် ရည်ရွယ်ထားပါသည်။ အကယ်၍ တစ်ဦး တစ်ယောက်တွင် ဥပဒေပြဿနာ တစ်ခုရှိလျှင် အမြန်ဆုံး ဥပဒေ အကြံဉာဏ် ရယူရန် အရေးကြီးပါသည်။

ဤလမ်းညွှန်ကို ဥပဒေ ဝန်ဆောင်မှုများ ကော်မီရှင် (Legal Services Commission) က ပြောင်းရွှေ့အခြေချလာသူ အသစ်တို့အတွက် ဥပဒေ ပညာပေးရန် ရေးဆွဲထားပါသည်။ အခြေခံ ဥပဒေရေးရာ အတွေးအခေါ်များကို နားလည်လိုပြီး မည်သည့်နေရာတွင် အကူအညီရရန်သိလိုသူများလည်း သုံးနိုင်ကောင်း သုံးနိုင်ပါသည်။

ဤအထောက်အကူပြုအရင်းအမြစ်ကို ဘာသာပြန်ဆိုရန်နှင့် ပုံနှိပ်ရန် တောင်သြစတြေးလျပြည်နယ် ဥပဒေ ဖောင်ဒေးရှင်းမှ ရန်ပုံငွေ ပံ့ပိုးထားသည်ကို ဥပဒေ ဝန်ဆောင်မှုများ ကော်မီရှင် (Legal Services Commission) အနေဖြင့် ကျေးဇူးတင်စွာဖြင့် အသိအမှတ်ပြုပါသည်။

ဤအထောက်ကူပြု အရင်းအမြစ် အတွက် အကြောင်းအရာ အချို့နှင့် ရုပ်ပုံ အချို့ကို Australian legal aid commissions ကထုတ်ဝေထားသော 'What's the law?' ဟုအမည်ရသော ဥပဒေဆိုတာ ဘာလဲ၊ *Australian law in my new country'* ဟုအမည်ရသော ကျွန်ုပ်၏ နိုင်ငံအသစ်ရှိ သြစတြေးလျန်း တရားဥပဒေ မှ မှီငြမ်းထားပါသည်။

တာဝန်မယူငြင်းဆိုချက် - တရားဥပဒေသည် မကြာခဏဆိုသလို ပြောင်းလဲနေပြီး ဤထုတ်ဝေစာစောင်တွင် ပါရှိသည့် အချက်အလက်များမှာ အချိန်နှင့်တစ်ပြေးညီ မကိုက်ညီနိုင်ကောင်း မကိုက်ညီနိုင်ပါ။ ဤထုတ်ဝေစာစောင်ရှိ အချက်အလက်များသည် ယေဘုယျ လမ်းညွှန်သာလျှင် ဖြစ်သည်။ ၎င်းသည် ဥပဒေ အကြံဉာဏ် တစ်ခု မဟုတ်ပါ။ မိမိတို့၏ ဥပဒေ ပြဿနာများနှင့်စပ်လျဉ်း၍ တစ်ခုချင်း အကြံဉာဏ် ရယူရန် လူများအား ကျွန်ုပ်တို့ တိုက်တွန်းပါသည်။

© Legal Services Commission March 2015

တောင်သြစတြေးလျပြည်နယ် ဥပဒေ ဖောင်ဒေးရှင်း(Law Foundation of South Australia) ၏ပံ့ပိုးမှုဖြင့် ထုတ်ဝေထားသည်။

**Legal Services Commission**
OF SOUTH AUSTRALIA



# ဩစတြေးလျနိုင်ငံရှိ တရားဥပဒေ

- လူတိုင်း ဥပဒေကို လိုက်နာရမည်။
- အကယ်၍ သင် ဥပဒေကို ချိုးဖောက်လျှင်၊ သင် ငွေကြေး ပေးရနိုင်ကောင်း ပေးရနိုင်သည် သို့မဟုတ် တရားရုံးသို့ သွားရနိုင်ကောင်း သွားရနိုင်သည်။
- ဥပဒေနှင့်စပ်လျဉ်းသည့် အချက်အလက်ကို လူတိုင်း အခမဲ့ ရရှိနိုင်သည်။
- သင်သည် အခမဲ့ ဥပဒေ အကြံပေးအကူအညီကို ဥပဒေ ဝန်ဆောင်မှုများ ကော်မီရှင် **(Legal Services Commission)** မှ ရရှိနိုင်သည်။

**ပိုမိုသော အချက်အလက်များ အတွက်**

ဘာသာပြန် နှင့် စကားပြန် ဝန်ဆောင်မှု (TIS)
131 450

ဥပဒေ ဝန်ဆောင်မှုများ ကော်မီရှင် (Legal Services Commission)
1300 366 424
www.lsc.sa.gov.au

Legal Services Commission
OF SOUTH AUSTRALIA



## ယာဉ်မောင်းခြင်း

- သင့်တွင် တောင်ဩစတြေးလျပြည်နယ်၌ ယာဉ်မောင်းရန် တရားဝင် လိုင်စင် တစ်ခု ရှိရမည်။ အကယ်၍ သင်သည် တောင်ဩစတြေးလျပြည်နယ်၌ လူသစ်တစ်ဦး ဖြစ်လျှင် သင့် လိုင်စင်သည် တရားဝင် မဝင် ဖြစ်ကြောင်း **Service SA** ကိုမေးပါ။

- သင်သည် မှတ်ပုံမတင်ထားသော ကားတစ်စီးကို မမောင်းရ သို့မဟုတ် လမ်းပေါ်တွင် ရပ်နားထား၍ မရပါ။

- ကလေးများအပါအဝင် လူတိုင်း ခါးပတ်ကို ဝတ်ထားရမည်။ ကလေးများသည် အထူးလုပ်ထားသည့် ထိုင်ခုံများနှင့် ခါးပတ်များကို သုံးရန်လိုအပ်သည်။ သင် သုံးရန်လိုသည့် ကားထိုင်ခုံ သို့မဟုတ် ခါးပတ် အမျိုးအစားသည် ကလေး၏ အရွယ်အစားနှင့် အသက်အရွယ်ပေါ်တွင် မူတည်သည်။ ပိုမိုသိလိုသော အချက်အလက်များအတွက် **Kidsafe SA** ကိုဆက်သွယ်ပါ။

- သင်သည် ယာဉ်မောင်းခြင်းဆိုင်ရာ ဥပဒေများ အားလုံးကို လေ့လာပြီး လိုက်နာရမည်။ ဤ စည်းမျဉ်းများကို ဖောက်ဖျက်ခြင်းအတွက် ပြစ်ဒဏ်တွင် ဒဏ်ကြေး၊ ထောင်ဒဏ်နှင့် လိုင်စင် သိမ်းခံရခြင်း တို့ပါဝင်နိုင်သည်။

## ပိုမိုသော အချက်အလက်များ အတွက်

**Translating and Interpreting Service (TIS)**
131 450

**Legal Services Commission**
1300 366 424
www.lsc.sa.gov.au

**Service SA**
13 10 84

**Kidsafe SA**
8161 6318
www.kidsafesa.com.au/road-safety

Legal Services Commission
OF SOUTH AUSTRALIA



# တစ်ပတ်ရစ် ကား တစ်စီးကို ဝယ်ယူခြင်း

## ကားအရောင်း ဝင်းခြံမှ ဝယ်ယူခြင်း-

- ကားကို ကားပြင်ဆရာ သို့မဟုတ် **RAA** အားစစ်ဆေးခိုင်းပါ။

- ကားမှာ ခိုးခံထားသည့်ကား သို့မဟုတ် ကြွေးမကျေသေးသည့်ကားဖြစ်နေသေးကြောင်း မဟုတ်သည်ကို ကားရောင်းသူက သေချာစေရမည်။

## ကားပိုင်ရှင်ထံမှ တစ်သီးတစ်ခြား ဝယ်ယူခြင်း-

- ကားကို ကားပြင်ဆရာ သို့မဟုတ် **RAA** အားစစ်ဆေးခိုင်းပါ။

- တစ်ခါတစ်ရံတွင် ဘဏ်တစ်ခုသည် ကားမှာ ကြွေးမကျေသေးလျှင် ကားကိုယူလိုက်နိုင်သည်။ ၄င်းမှာ သင် ကားကိုဝယ်ယူပြီး သင့် နံမည်ဖြင့်မှတ်ပုံတင်ထားသည့်တိုင်အောင် ဖြစ်နိုင်သည်။ ကားမှာ ကြွေးမကျေသေး ကြောင်းစစ်ဆေးရန် **Personal Property Securities Register (PPSR)** ကိုဖုန်း 1300 007 777 ဖြင့်ဆက်ပါ။ သင့်အနေဖြင့် မော်တော်ယာဉ် သက်သေခံ နံပါတ် ('Vehicle Identification Number' (VIN) ) လိုအပ်လိမ့်မည်၊ ၄င်းနံပါတ်ကို မှတ်ပုံတင်စာရွက်ပေါ်နှင့် အင်ဂျင်စက် ပေါ်တွင်ရေးသားထားသည်။ **Personal Property Securities Register (PPSR)** မှတ်ပုံတင်တွင်ကြည့်ရှုခမှာ $4 ဖြစ်ပြီး သင်သည် အကြွေးဝယ်ကတ် (Credit Card) ဖြင့်သာလျှင် ပေးချေနိုင်သည်။

- ကားမှာ ခိုးခံထားသည့်ကား မဟုတ်ကြောင်း သေချာစေပါ။ ၄င်းကို **Personal Property Securities Register (PPSR) မှတ်ပုံတင်** ကလည်း သင့်အတွက် စစ်ဆေးပေးနိုင်သည်။

**ပိုမိုသော အချက်အလက်များ အတွက်**

**Translating and Interpreting Service (TIS)**
131 450

**Personal Property Securities Register**
1300 007 777
www.ppsr.gov.au

**RAA**
131 111

Legal Services Commission
OF SOUTH AUSTRALIA



## ကားတိုက်မှုများ

- အကယ်၍ ကားတိုက်မှု တစ်ခု ဖြစ်ပွားလျှင် ယာဉ်မောင်းသူတိုင်းသည် ရပ်ရမည်၊ ပြီးလျှင် အကယ်၍ တစ်ဦးတစ်ယောက်က ဒဏ်ရာ ရရှိလျှင် ကူညီရမည်။

- ယာဉ်မောင်းသူများသည် မိမိတို့၏ အသေးစိတ်အချက်အလက်များကို အပြန်အလှန် ပေးရမည်။ နံမည်၊ လိပ်စာနှင့် အာမခံကုမ္ပဏီ တို့ဖြစ်သည်။

- တစ်ဦးတစ်ယောက်က ဒဏ်ရာရရှိလျှင်ဖြစ်စေ၊ ကားအားလုံး၏ စုစုပေါင်း ပြုပြင်ခမှာ $3000 ကျော်ဖြစ်လျှင် ဖြစ်စေ၊ ရဲထံ တိုင်တန်းရမည်။

- သင့်ကား မှတ်ပုံတင်ကြေး သင် ပေးသည့်အခါ၊ 'တတိယ ပုဂ္ဂိုလ် မဖြစ်မနေ အာမခံ' 'Third party compulsory insurance' အတွက် ပါဝင်ပြီး ဖြစ်သည်။ ၎င်းအာမခံသည် ကားတိုက်မှုတွင် ဒဏ်ရာရသူ တစ်ဦးတစ်ယောက်အား လျော်ကြေး ပေးသည်။ ၎င်းအာမခံသည် ကားများကို ပြုပြင်ရန်အတွက် မပေးပါ။

- ကားများကို ပြုပြင်ရန်အတွက် သင် ရနိုင်သည့် အာမခံ အခြားအမျိုးအစားများ ရှိပါသည်။
    - 'Third party property insurance' တတိပုဂ္ဂိုလ် ပစ္စည်းအပေါ် အာမခံ သည် အကယ်၍ ကားတိုက်မှုမှာ သင့် အမှားကြောင့် ဖြစ်လျှင် အခြားသူ၏ ကားပျက်စီးမှုအတွက် လျော်ပေးသည်။
    - 'Comprehensive insurance' မဖြစ်မနေ အာမခံသည် သင့် ကားနှင့် အခြားသူ၏ကား နှစ်ခုလုံး ပျက်စီးမှုအတွက် လျော်ပေးသည်။

## ပိုမိုသော အချက်အလက်များ အတွက်

**Translating and Interpreting Service (TIS)**
131 450

**Legal Services Commission**
1300 366 424
www.lsc.sa.gov.au

**Police**
အရေးပေါ် ကိစ္စတစ်ခုတွင် ဖုန်း 000 ကိုဆက်ပါ သို့မဟုတ်  အရေးပေါ် ကိစ္စ မဟုတ်လျှင် ရဲကိုခေါ်ရန်အတွက် ဖုန်း 131444 ကိုဆက်ပါ။

Legal Services Commission
OF SOUTH AUSTRALIA



## ကုန်စည်များနှင့် ဝန်ဆောင်မှုများကို ဝယ်ယူခြင်း

- အကယ်၍ သင် ဝယ်ယူသည့် ပစ္စည်းတစ်စုံတစ်ခုမှာ ကျိုးနေလျှင်၊ ဘေးမကင်းလျှင်၊ ကောင်းစွာအလုပ်မလုပ်လျှင် သို့မဟုတ် ရှိသင့်သလို မရှိ ကွာခြားလျှင် သင့်တွင် အခွင့်အရေးများ ရှိသည်။ သင့်အနေဖြင့် ၎င်းကို ပြုပြင်ပေး ခိုင်းနိုင်သည် သို့မဟုတ် အသစ်တစ်ခုကို ရယူနိုင်သည် သို့မဟုတ် သင့် ပိုက်ဆံ ပြန်ရနိုင်သည်။ ၎င်းကို အာမခံထားသည့်ကာလ ကုန်ဆုံးသွားသည့်တိုင် ပြန်ရနိုင်သည်။

- အမြဲတမ်း လက်ခံဖြတ်ပိုင်းကို သိမ်းဆည်းထားပါ။

- သင် ပဋိညာဉ်စာချုပ်တစ်ခုကို လက်မှတ်မထိုးမီ ၎င်းစာချုပ် ဘာဆိုလိုသည်ကို သင် နားလည်ရန် တစ်ဦးတစ်ယောက်ထံမှ အကူအညီ တောင်းခံပါ။ ဤကိစ္စသည် မိုဘိုင်းဖုန်းများအတွက် ကဲ့သို့သော ရှည်လျားသည့် စာချုပ်များအတွက် အလွန် အရေးကြီးပါသည်။

- သင့် အိမ်ရှေ့တံခါးရှိကပ်ထားသည့် 'တံခါးမခေါက်ပါနှင့်' ရေးထားသော စာတန်းသည် သင့်အားပစ္စည်းများ ရောင်းရန် သင့်အိမ်သို့လာမည့်လူများအား ဟန့်တားစေနိုင်သည်။

ပိုမိုသော အချက်အလက်များ အတွက်

**Translating and Interpreting Service (TIS)**
131 450

**Legal Services Commission**
1300 366 424
www.lsc.sa.gov.au

**Consumer Credit Law Centre SA**
8342 1800
1300 886 220 (ကျေးလက်မှ ဖုန်းခေါ်သူများ)

**Legal Services Commission**
OF SOUTH AUSTRALIA



# ရဲ

- ရဲသည် လူ့အသိုင်းအဝိုင်းကို အကာအကွယ်ပေးပြီး လူများ ဥပဒေကိုလိုက်နာစေရန် သေချာအောင် လုပ်ပေးသည်။ ရဲသည်လည်း ဥပဒေကို လိုက်နာရသည်။

- ပြစ်မှုတစ်ခုကို စုံစမ်းစစ်ဆေးသည့်အခါ ရဲသည် မည်သူ့ကိုမဆို မေးခွန်းများ မေးနိုင်ကောင်း မေးနိုင်သည်။

- ရဲကမေးမြန်းသည့် မည်သည့်မေးခွန်းကိုမဆို သင့် အမည်၊ လိပ်စာနှင့် မွေးနှစ်သက္ကရာဇ် ပေးရန်မှလွဲ၍ သင် ဖြေဆိုရန် မလိုပါ၊

- အကယ်၍ သင်သည် မော်တော်ယာဉ် တစ်စီးကို မောင်းလျှင် သင်သည် သင့်လိုင်စင်ကိုလည်း ထုတ်ပြရန်သူတို့ မေးသည့်အခါ ထုတ်ပြရမည်။

- ရဲကမေးသည့် အခြားမေးခွန်းများကို သင် မဖြေဆိုမီ ဥပဒေ အကြံဉာဏ် ရရှိရန် သင့်တွင် အခွင့်အရေး ရှိသည်။

- အကယ်၍ အင်္ဂလိပ်ဘာသာစကားသည် သင့် ပြောလိုသော ဘာသာစကား မဟုတ်လျှင် သင် ရဲနှင့်စကားပြော သည့်အခါတိုင်း စကားပြန်တစ်ဦးကို တောင်းဆိုရန် သင့်တွင် အခွင့်အရေး ရှိသည်။

ပိုမိုသော အချက်အလက်များ အတွက်

**Translating and Interpreting Service (TIS)**
131 450

**Police**
အရေးပေါ် ကိစ္စတစ်ခုတွင် ဖုန်း 000 ကိုဆက်ပါ သို့မဟုတ် အရေးပေါ် ကိစ္စ မဟုတ်လျှင် ရဲကိုခေါ်ရန်အတွက် ဖုန်း 131444 ကိုဆက်ပါ။

**Legal Services Commission**
1300 366 424
www.lsc.sa.gov.au

Legal Services Commission
OF SOUTH AUSTRALIA



## မိသားစု အကြမ်းဖက်မှု

- ဩစတြေးလျနိုင်ငံတွင် လူများအား မိသားစု အကြမ်းဖက်မှုမှ အကာအကွယ်ပေးရန် တရားဥပဒေများ ရှိပါသည်။

- မိသားစု အကြမ်းဖက်မှုသည် ပုံစံအမျိုးမျိုးဖြင့် အကြမ်းဖက်နိုင်သည်၊ ကိုယ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ နှုတ်အားဖြင့်၊ စိတ်ခံစားမှုဆိုင်ရာအားဖြင့်နှင့် ငွေကြေးအကျပ်အတည်းဖြစ်အောင်လုပ်ခြင်းအားဖြင့် လုပ်သည့် အကြမ်းဖက်မှုများ အပါအဝင် ဖြစ်သည်။

- မည်သူမျှ မိသားစု အကြမ်းဖက်မှုကို ကြောက်ရွံ့ထိပ်လန့်ပြီး နေထိုင်ရန် မသင့်ပါ။ ၄င်းသည် ရဲနှင့်တရားရုံးများ အတွက် ကြီးလေးသော ပြစ်မှု တစ်ခု ဖြစ်သည်။

- ရဲနှင့်တရားရုံးများသည် မိသားစု အကြမ်းဖက်မှု နောက်ထပ်မလုပ်အောင် မိသားစုဝင် တစ်ဦးအား အမိန့်တစ်ရပ်ကို ထုတ်ပြန်နိုင်သည်။ ၄င်းအမိန့်ကို တားမြစ်အမိန့် (Intervention Order) ဟုခေါ်သည်။

- အကယ်၍ မိသားစုဝင်သည် အကြမ်းဖက်မှုကို မရပ်ဆိုင်းလျှင် ထိုသူသည် တရားဥပဒေနှင့် အခက်အခဲတွေ့လိမ့်မည် ဖြစ်သည်။

- အိမ်တွင် ဘေးရန်မလုံခြုံသည့်လူများအား ကူညီပေးနိုင်သည့် အခမဲ့ လုပ်ပေးသော အထူး ဝန်ဆောင်မှုများ ရှိပါသည်။ ၄င်းဝန်ဆောင်မှုများတွင် ပါဝင်သည်မှာ အမျိုးသမီး နေထိုင်ရာရိပ်သာ၊ အကြံပေးနှစ်သိမ့်ဆွေးနွေး ဝန်ဆောင်မှုများနှင့် ဥပဒေ အကြံပေး တို့ဖြစ်ပါသည်။

ပိုမိုသော အချက်အလက်များ အတွက်

**Translating and Interpreting Service（TIS)**
131 450

**Police**
အရေးပေါ် ကိစ္စတစ်ခုတွင် ဖုန်း 000 ကိုဆက်ပါ သို့မဟုတ်  အရေးပေါ် ကိစ္စ မဟုတ်လျှင် ရဲကိုခေါ်ရန်အတွက် ဖုန်း 131444 ကိုဆက်ပါ။

**Legal Services Commission**
1300 366 424
www.lsc.sa.gov.au

**Women's Legal Service**
8221 5553

**Domestic Violence Gateway Helpline**
1800 800 098

Legal Services Commission
OF SOUTH AUSTRALIA




## ငှားရမ်းခြင်း

- အိမ်ရှင်များသည် အိမ်ကို သင့်တင့်လျောက်ပတ်သော အခြေအနေရှိအောင် ထိန်းသိမ်းထားရမည်။
- အိမ်ငှားသည် အကယ်၍ အိမ်ရှိတစ်ခုခု ပျက်စီးလျှင် အိမ်ရှင်ကို ပြောပြရမည်။
- အိမ်ရှင်များသည် အိမ်ငှားက ဖျက်စီးသည်မဟုတ်လျှင် ပြုပြင်ပေးရန်အတွက် ငွေပေးချေသည်။
- အိမ်ငှားများသည် အိမ်ငှားခကို ပေးရမည်၊ အိမ်ကို သန့်သန့်ရှင်းရှင်း၊ သပ်သပ်ရပ်ရပ်နှင့် ကောင်းကောင်းမွန်မွန် ထားရှိရမည်။
- သင် အိမ်ငှားခ ပေးခဲ့သည့် ငွေလက်ခံဖြတ်ပိုင်းများကို ယူထားပါ။
- အိမ်ငှားများသည် မိမိတို့၏ အိမ်နီးချင်းများအပေါ် အလွန်အကျွံ ဆူညံသံ သို့မဟုတ် အနှောင့်အယှက် မလုပ်ရ။
- သင့်အား တရားရုံး သို့မဟုတ် ခုံရုံး တစ်ရပ်၏ အမိန့် မပါရှိပဲ အိမ်မှ မနှင်ထုတ်နိုင်ပါ။

**ပိုမိုသော အချက်အလက်များ အတွက်**

**Translating and Interpreting Service (TIS)**
131 450

**Tenants Information & Advocacy Service (TIAS)**
8305 9459

**Legal Services Commission**
1300 366 424
www.lsc.sa.gov.au

Legal Services Commission
OF SOUTH AUSTRALIA



## လက်ထပ်ခြင်း

- ဩစတြေးလျနိုင်ငံတွင် လက်ထပ်ထိမ်းမြားခြင်းကို အသက် 18 နှစ် နှင့်အထက် အသီးသီးရှိသည့် ယောကျ်ား တစ်ယောက်နှင့် မိန်းမ တစ်ယောက် ထိမ်းမြားသည်။

- အထူးကိစ္စရပ်များတွင် ငယ်ရွယ်သောလူများ အသက် 16 နှစ် သို့မဟုတ် 17 နှစ် တို့သည် အကယ်၍ တရားရုံးက ခွင့်ပြုလျှင် လက်ထပ်ထိမ်းမြားနိုင်ပါသည်။ တရားရုံးတစ်ရုံးက ဤခွင့်ပြုချက်ကိုပေးရန် အလွန် ရှားပါသည်။

- တရားဥပဒေသည် အသက် 18 နှစ်အောက် အရွယ် တစ်ဦးတစ်ယောက်ကို နိုင်ငံရပ်ခြားသို့ခေါ်ဆောင်ပြီး လက်ထပ်ထိမ်းမြားခွင့် မပြုပါ။

- ဩစတြေးလျနိုင်ငံတွင် အတူတကွ ပေါင်းသင်းနေထိုင်ရန်အတွက် လူများအနေဖြင့် တရားဝင် ထိမ်းမြားရမည်ဟု သတ်မှတ်ပြဌာန်းထားသည့် ဥပဒေ မရှိပါ။

- တစ်ဦးတစ်ယောက်ကို လက်ထပ်ထိမ်းမြားခြင်းသည် လင်ယောကျ်ား သို့မဟုတ် မယား ဖြစ်သူအား လိင်ဆက်ဆံမှု အခွင့်အရေးကို ပေးသည်မဟုတ်ပါ။ အကယ်၍ လူတစ်ဦးသည် လိင်ဆက်ဆံရန် လိုလိုလားလား သဘောမတူလျှင် ၎င်းကို မုဒိမ်းမှု ကျူးလွန်သည်ဟု ခေါ်သည်၊ လင်ယောကျ်ား နှင့် မယား အကြားတွင်ပင်လျှင် ကျူးလွန်မှု မြောက်သည်။

**ပိုမိုသော အချက်အလက်များ အတွက်**

**Translating and Interpreting Service (TIS)**
131 450

**Legal Services Commission**
1300 366 424
www.lsc.sa.gov.au

Legal Services Commission
OF SOUTH AUSTRALIA



## ခွဲခွာနေခြင်းနှင့် ကွာရှင်းပြတ်စဲခြင်း

- လက်ထပ်လျက်သား မနေချင်သူ မည်သူမဆို ကွာရှင်းပြတ်စဲနိုင်သည်။ လင်ယောကျ်ားများသည် မယားများကို ကွာရှင်းပြတ်စဲနိုင်သည်၊ မယားများသည် လင်ယောကျ်ားများကို ကွာရှင်းပြတ်ရှင်းနိုင်သည်။ မည်သူ့တွင် အပြစ်ရှိသည်မှာ အကြွရာ မကျပါ။

- ကွာရှင်းပြတ်စဲမှုသည် လက်ထပ်ထိမ်းမြားမှု တစ်ခုကို တရားဝင် ပြတ်စဲမှု ဖြစ်သည်။ သင်သည် ကွာရှင်းပြတ်စဲမှု တစ်ခု ရရှိရန် တရားရုံးသို့ လျှောက်ထားရမည်။

- ကွာရှင်းပြတ်စဲမှု တစ်ခုအတွက် မလျှောက်ထားမီ သင်သည် ပထမဦးစွာ အကြင်လင်မယားအဖြစ် နေထိုင်ဆက်ဆံခြင်းကို အနည်းဆုံး 12 လ ရပ်ဆိုင်းရမည်။

- သင့်အနေဖြင့် အတူအိပ်စက်ခြင်း၊ အတူစားသောက်ခြင်း၊ ဘဏ်စရင်း အတူဖွင့်ထားခြင်း သို့မဟုတ် ကလေးများနှင့်အတူ အပြင်ခရီးအတူတကွ သွားခြင်း ကဲ့သို့သော လင်မယား၏ သမရိုးကျ လုပ်ရှားဆောင်ရွက်မှုများ မလုပ်သမျှ၊ အိမ်တစ်ဆောင်တည်းတွင် နေထိုင်ရင်းဖြင့် ခွဲခွာနေရန် ဖြစ်နိုင်ပါသည်။

- ခွဲခွာနေထိုင်ပြီးနောက်ပိုင်း၌ ကလေးများကို စောင့်ရှောက်ခြင်းနှင့် ပစ္စည်းခွဲဝေခြင်း တို့နှင့်စပ်လျဉ်းသည့် မိသားစု ဥပဒေများ ရှိပါသည်။ ဥပဒေများသည် သင် တရားဝင် ထိမ်းမြားထားသည် ထိမ်းမြားမထားသည်နှင့် မသက်ဆိုင်စေပဲ အာဏာသက်ရောက်နိုင်ပါသည်။

- အကယ်၍ သင်သည် ခွဲခွာနေထိုင်ခြင်းကို စဉ်းစားနေလျှင် သို့မဟုတ် ခွဲခွာပြီး ဖြစ်လျှင် သင် ဥပဒေ အကြံဉာဏ်ကို ရယူသင့်သည်။ ရှေ့နေ တစ်ဦးသည် သင့် ဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို သင် နားလည်အောင် ကူညီပေးနိုင်ပြီး ဥပဒေက သင့်အပေါ် မည်သို့အာဏာသက်ရောက်ကြောင်း ရှင်းပြပေးနိုင်သည်။

- ခွဲခွာနေထိုင်ခြင်း သို့မဟုတ် ကွာရှင်းပြတ်စဲခြင်းသည် သင်၏ လူဝင်မှု အခြေအနေကို ထိခိုက်နိုင်ကောင်း ထိခိုက်နိုင်သည်။ သင်သည် ဤကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေ အကြံဉာဏ် ရယူသင့်သည်။

### ပိုမိုသော အချက်အလက်များ အတွက်

**Translating and Interpreting Service**
131 450

**Legal Services Commission**
1300 366 424
www.lsc.sa.gov.au

**Family Law Courts**
1300 352 000

Legal Services Commission
OF SOUTH AUSTRALIA



## ကလေးများနှင့် လင်မယားခွဲခွာနေခြင်း

- မိခင်များနှင့် ဖခင်များ နှစ်ဖက်လုံးသည် မိမိတို့၏ ကလေးများအတွက် တာဝန်ရှိသည်။ ၄င်းသည် အကယ်၍ မိဘများ ခွဲခွာနေထိုင်လျှင်ပင် မပြောင်းလဲပါ။

- ကလေးများသည် သူတို့အနေဖြင့် ဘေးကင်းနေသမျှ မိဘ နှစ်ဖက်လုံးကို တွေ့ရန် အခွင့်အရေး ရှိသည်။

- ခွဲခွာပြီးဖြစ်သည့် မိဘ အများစုသည် မိမိတို့၏ကလေးများအား စောင့်ရှောက်မှုကို ဆက်လက်၍ ဝေမျှခံယူရန် နည်းလမ်းများကို ရှာဖွေကြသည်။

- အချို့ ခွဲခွာပြီးဖြစ်သည့် မိဘများသည် မိမိတို့၏ကလေးများအတွက် အစီအစဉ်ချထားမှုများကို သဘောမတူနိုင်ကြပါ။ မိသားစု ရှေ့နေတစ်ဦးသည် ဥပဒေ အကြံဉာဏ် ပေးနိုင်ပြီး သဘောတူညီချက်တစ်ခု ရရှိရန် မိဘများအားကူညီပေးနိုင်သည်။

- ကြီးလေးသည့် ကိစ္စများတွင် မိသားစု တရားရုံးသည် ကလေးများအတွက် ဘာဖြစ်သင့်သည်ကို ဆုံးဖြတ်နိုင်သည်။

- မိသားစု ဖြန်ဖြေမှုသည် သီးခြားဖက်မလိုက်သော ဖြန်ဖြေပေးသူ တစ်ဦး၏အကူအညီဖြင့် တရားရုံးသို့မသွားရပဲ၊ ကလေးများအတွက် အစီအစဉ်ချမှတ်ရေးများ ဆွေးနွေးရန် မိဘများအနေဖြင့် တွေ့ဆုံရာ ဖြစ်သည်။

- မိဘတစ်ဦးသည် ကလေးများအား စောင့်ရှောက်ရာတွင် အထောက်အကူပြုရန် အခြားမိဘ တစ်ဦးသို့ 'ကလေးစရိတ်' ပေးရန် မေးခံရနိုင်ကောင်း မေးခံရနိုင်သည်။

### ပိုမိုသော အချက်အလက်များ အတွက်

**Translating and Interpreting Service (TIS)**
131 450

**Legal Services Commission**
1300 366 424
www.lsc.sa.gov.au

Legal Services Commission
OF SOUTH AUSTRALIA



## ကလေးများအား စောင့်ရှောက်ခြင်း

- မိဘများသည် ကလေးများအား စောင့်ရှောက်ရမည်ဖြစ်ပြီး အနာတရ ဖြစ်မှုမှ ကာကွယ်ပေးရမည်။
- မိဘများသည် ကလေးများ မည်သို့ပြုမူကျင့်ကြံရမည်ဖြစ်ကြောင်း သင်ကြားပေးရန်အတွက် အခွင့်အရေး ရှိသည်။ မိဘများသည် ကလေးများအား စည်းကမ်းထိန်းကျောင်းပေးခြင်းမှတစ်ဆင့် အနာတရဖြစ်အောင် မလုပ်ရ။
- **Families SA** သည် မိမိတို့၏ ကလေးများအား မစောင့်ရှောက်သော သို့မဟုတ် အနာတရ ဖြစ်အောင်လုပ်သော မိဘများထံမှ ကလေးများကို ရယူ၍ ကာကွယ်ပေးကောင်း ပေးနိုင်သည်။
- မိဘများအား အကြံဉာဏ်၊ ကလေးထိန်းနှင့် မိသားစု ဆွေးနွေးနှစ်သိမ့်အကြံပေးခြင်းတို့ဖြင့် အကူအညီ ပေးနိုင်သော အခမဲ့ ဝန်ဆောင်လုပ်ငန်းများ ရှိပါသည်။
- ကလေးများနှင့်အတူ လုပ်ကိုင်လျက်ရှိသော အတတ်ပညာရှင်များသည် ကလေးတစ်ယောက်မှာ အနာတရ ရနိုင်သည်ဟု ထင်မြင်လျှင် **Families SA** သို့သတင်းပို့ရသည်။

### ပိုမိုသော အချက်အလက်များ အတွက်

**Translating and Interpreting Service (TIS)**
131 450

**Parent Helpline**
1300 364 100

**Police**
အရေးပေါ် ကိစ္စတစ်ခုတွင် ဖုန်း 000 ကိုဆက်ပါ သို့မဟုတ်  အရေးပေါ် ကိစ္စ မဟုတ်လျှင် ရဲကိုခေါ်ရန်အတွက် ဖုန်း 131444 ကိုဆက်ပါ။

**Legal Services Commission**
1300 366 424
www.lsc.sa.gov.au

**Families SA**
Child Abuse Report Line 13 14 78
Crisis Care (ရုံးချိန် နောက်ပိုင်း) 131 16 11

Legal Services Commission
OF SOUTH AUSTRALIA



## အစိုးရ ဆုံးဖြတ်ချက်များ

- အစိုးရ အာဏာပိုင်များကချမှတ်သည့် ဆုံးဖြတ်ချက်များကို စည်းမျဉ်းများနှင့်အညီ ချမှတ်ရသည်။
- သင့်တွင် ဥပဒေ အကြံဉာဏ် ရယူရန် အခွင့်အရေး ရှိပြီး သင့်အားထိခိုက်သည့် အစိုးရ ဆုံးဖြတ်ချက်များ နှင့်ပတ်သက်၍ မေးခွန်းများမေးခွင့် ရှိသည်။
- တစ်ခါတစ်ရံတွင် ဤဆုံးဖြတ်ချက်များကို ပြောင်းလဲရန် သင် တောင်းဆိုနိုင်သည်။
- သင့်အနေဖြင့် အကယ်၍ အစိုးရ ဆုံးဖြတ်ချက်တစ်ခုသည် မှားယွင်းကြောင်း သင် ယုံကြည်လျှင် **Ombudsman SA** သို့မဟုတ် **Commonwealth Ombudsman** သို့လည်း စောဒက တက်နိုင်သည်။

## ပိုမိုသော အချက်အလက်များ အတွက်

**Translating and Interpreting Service (TIS)**
131 450

**Legal Services Commission**
1300 366 424
www.lsc.sa.gov.au

**Commonwealth Ombudsman**
1300 362 072

**Ombudsman SA**
8226 8699
1800 182 150 (ကျေးလက်မှ ဖုန်းခေါ်သူများ)

**Welfare Rights Centre (SA)**
8223 1338
1800 246 287 (ကျေးလက်မှ ဖုန်းခေါ်သူများ)

Legal Services Commission
OF SOUTH AUSTRALIA



## အလုပ်

- အလုပ်ခွင်၌ သင့် အခွင့်အရေးများကို အကာအကွယ်ပေးမည့် ဥပဒေ အများအပြား ရှိပါသည်၊ အောက်ပါတို့ အပါအဝင် ဖြစ်သည် -
    - သင် မည်မျှ လုပ်ခ ရမည်
    - အကယ်၍ သင် အလုပ်ခွင်၌ ဒဏ်ရာရလျှင် လျော်ကြေး
    - အလုပ်ခွင်၌ မျှမျှတတ ဆက်ဆံမှု
    - အလုပ်ခွင်၌ ဘေးကင်းရှင်းရေး
    - သင့် လုပ်ခ၊ အခွန်နှင့် အိုနာစာရန်ပုံငွေ (superannuation) နှင့်ပတ်သက်သည့် မှတ်တမ်းများ

- အကယ်၍ သင်သည် အလုပ်သမား သမဂ္ဂ အသင်းဝင် တစ်ဦးဖြစ်လျှင်၊ ၎င်းတို့သည် သင့်အား အကြံဉာဏ် ပေးနိုင်ပြီး အလုပ်ခွင်၌ သင့်အခွင့်အရေးများကို ကူညီကာကွယ်ပေးနိုင်သည်။

## ပိုမိုသော အချက်အလက်များ အတွက်

**Translating and Interpreting Service (TIS)**
131 450

**Fair Work Ombudsman (လုပ်ခ နှင့် အလုပ် အခွင့်အရေးများ)**
13 13 94
www.fairwork.gov.au/languages

**Legal Services Commission (အထွေထွေ အကြံဉာဏ်နှင့် ရည်ညွှန်းလွှဲပို့မှု)**
1300 366 424
www.lsc.sa.gov.au

**Working Women's Centre SA**
1800 652 697



Legal Services Commission
OF SOUTH AUSTRALIA

## ဒဏ်ငွေများ

- ဒဏ်ငွေများမှာ ပြစ်ဒဏ်ခတ်သည့် အမျိုးအစား တစ်ခုဖြစ်ပြီး ဥပဒေကိုချိုးဖောက်သည့်အတွက် သင် ငွေကြေး ပေးရသည်။
- အကယ်၍ သင်သည် ရက်စွဲသည့်နေ့၌ ဒဏ်ငွေကို အပြေအကျေ မပေးနိုင်လျှင် **Fines Enforcement and Recovery Unit** နှင့်ပြောဆိုပါ။
- **Fines Enforcement and Recovery Unit** သည် ပေးချေရန် သင့်အရည်အချင်းပေါ်မူတည်၍ ငွေပေးရန် စီစဉ်မှုများကို လုပ်ပေးနိုင်သည်။
- အကယ်၍ သင်သည် စီစဉ်မှုများကို **Fines Enforcement and Recovery Unit** နှင့်မလုပ်လျှင် ၎င်းသည် သင့်ဒဏ်ငွေများကို ပေးရန်အတွက် သင့်အား အတင်းအကျပ်လုပ်ရန် အာဏာရှိသည်။
- သင့် ဒဏ်ငွေကို လျစ်လျူမရှုလိုက်ပါနှင့် — အကယ်၍ သင် မပေးနိုင်လျှင် အကူအညီ တောင်းခံပါ။

## ပိုမိုသော အချက်အလက်များ အတွက်

**Translating and Interpreting Service (TIS)**
131 450

**Legal Services Commission**
1300 366 424
www.lsc.sa.gov.au

**Fines Enforcement and Recovery Unit**
1800 659 538

မှတ်ချက်များ